
စိတ်ကူးချိုချိုအနုပညာ

# PREPOSITION IN PROPER USE




အငြိမ်းစားဘဏ်အရာရှိတစ်ဦး

mgyoe.com

mgyoe.com

mgyoe.com

ENG0002
1,500.00 KS

mgyoe.com

PREPOSITION IN PROPER USE၊ အပြင်မီးစားဘက်အရာရှိတစ်ဦး
စာမျက်နှာ ၁၅၉ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂ ဧယျာမိုးစာအုပ်တိုက်ထုတ် ဒုတိယအကြိမ်မှ

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# Prepositions In Proper Use


| | | | | | |
|---|---|---|---|---|---|
| A | နှင့်စသော | PREPOSITIONS | ၅၈ | မျိုး | ၁ |
| B | နှင့်စသော | PREPOSITIONS | ၄၀ | မျိုး | ၁၅ |
| C | နှင့်စသော | PREPOSITIONS | ၄၅ | မျိုး | ၂၆ |
| D | နှင့်စသော | PREPOSITIONS | ၃၅ | မျိုး | ၃၇ |
| E | နှင့်စသော | PREPOSITIONS | ၁၇ | မျိုး | ၄၇ |
| F | နှင့်စသော | PREPOSITIONS | ၂၃ | မျိုး | ၅၂ |
| G | နှင့်စသော | PREPOSITIONS | ၄၉ | မျိုး | ၅၈ |
| H | နှင့်စသော | PREPOSITIONS | ၂၀ | မျိုး | ၇၁ |
| I | နှင့်စသော | PREPOSITIONS | ၂၁ | မျိုး | ၇၆ |
| J | နှင့်စသော | PREPOSITIONS | ၅ | မျိုး | ၈၂ |
| K | နှင့်စသော | PREPOSITIONS | ၁၀ | မျိုး | ၈၄ |
| L | နှင့်စသော | PREPOSITIONS | ၃၁ | မျိုး | ၈၇ |
| M | နှင့်စသော | PREPOSITIONS | ၁၇ | မျိုး | ၉၅ |
| N | နှင့်စသော | PREPOSITIONS | ၄ | မျိုး | ၁၀၀ |
| O | နှင့်စသော | PREPOSITIONS | ၉ | မျိုး | ၁၀၂ |
| P | နှင့်စသော | PREPOSITIONS | ၅၀ | မျိုး | ၁၀၅ |


mgyoe.com

mgyoe.com



| | | | | | |
|---|---|---|---|---|---|
| Q | နှင့်စသော | PREPOSITIONS | ၂ | မျိုး | ၁၁၇ |
| R | နှင့်စသော | PREPOSITIONS | ၃၈ | မျိုး | ၁၁၈ |
| S | နှင့်စသော | PREPOSITIONS | ၄၁ | မျိုး | ၁၂၈ |
| T | နှင့်စသော | PREPOSITIONS | ၂၉ | မျိုး | ၁၃၉ |
| U | နှင့်စသော | PREPOSITIONS | ၁၀ | မျိုး | ၁၄၇ |
| V | နှင့်စသော | PREPOSITIONS | ၁၁ | မျိုး | ၁၅၀ |
| W | နှင့်စသော | PREPOSITIONS | ၁၂ | မျိုး | ၁၅၃ |
| Y | နှင့်စသော | PREPOSITIONS | ၄ | မျိုး | ၁၅၇ |
| Z | နှင့်စသော | PREPOSITIONS | ၁ | မျိုး | ၁၅၉ |



❒

mgyoe.com

mgyoe.com

# A

1. Alliance with = United with
မဟာမိတ်ဖွဲ့သည်။ ပေါင်းစပ်သည်။
Britain's **alliance with** United States of America is beneficial to both countries.
ဗြိတိန်၏ အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်ဖြစ်ခြင်းသည် နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိပါသည်။

2. Antidote to = Having prevented from poison
အဆိပ်ပြေစေသည်။ ပြေပျောက်စေသည်။
Meditation is an effective kind of **antidote to** melancholy.
တရားထိုင်ခြင်းသည် စိတ်ညစ်ညူးခြင်းကို ပြေပျောက်စေသည့် ထိရောက်သော ဖြေဆေးတစ်မျိုး ဖြစ်ပါသည်။

3. Antipathy to = Opposition to
မနှစ်သက်ခြင်း၊ ဆန့်ကျင်ခြင်း။
The dog's **antipathy to** the cat is traditional.
ကြောင်ကို ခွေးက မနှစ်သက်ခြင်းမှာ ရှေးက အစဉ်အလာ ဖြစ်သည်။

mgyoe.com

mgyoe.com



4. Aversion to = Hatred to

မုန်းသော၊ ရန်ငြိုးထားသော။

The main cause of Pakistan's **aversion to** India is the Indian occupation of the states of Jamu and Kashmia.

ပါကစ္စတန်၏ အိန္ဒိယအပေါ် ရန်ငြိုးထားသည့် အဓိကအကြောင်းရင်းမှာ ဂျမ္မူးနှင့် ကာရှမီးယားပြည်နယ်များကို အိန္ဒိယက သိမ်းပိုက်ထား၍ဖြစ်သည်။

5. Access to = Easy to approach

ချဉ်းကပ်ခွင့်၊ ဝင်ရောက်ခွင့်ရသည်။

The **access to** the palace was strictly prohibited.

နန်းတော်သို့ ဝင်ရောက်ခွင့်ကို ကျပ်တည်းစွာ တားမြစ်ထားသည်။

6. Allowace for = Permit

ခွင့်ပြုသည်။

**Allowance for** leakage of oil is one fourth of a gallon per drum.

စည်ပေပါတစ်ခုလျှင် အလျော့တွက်မှာ တစ်ဂါလံ၏ လေးပုံ တစ်ပုံဖြစ်သည်။

7. Akin to = Belonging to the same family

သွေးစပ်သော၊ ဆွေမျိုးပေါက်ဖော်ဖြစ်သော။

Pity is **akin to** love.

ကြင်နာမှုသည် ချစ်ခြင်း၏ဆွေမျိုးပေါက်ဖော် ဖြစ်သည်။

*(အရေးကြီးက သွေးနီးသည်)*

mgyoe.com

mgyoe.com



8. Aghast at = Filled with terror or suprise
ထိတ်လန့်တုန်လှုပ်သည်။ အံ့သြသည်။
She was **aghast at** first sight of her defaced son.
သူမသည် ပုံသဏ္ဍာန်ပျက်နေသည့် သူမ၏သားကို မြင်လျှင်မြင်ချင်း ထိတ်လန့်တုန်လှုပ်သွားသည်။

9. Apprised of = Informed of
တိုင်ကြားသည်။ အသိပေးသည်။
The Headmaster was **apprised of** the death of a student in a car accident.
မော်တော်ကားတိုက်မှုတစ်ခုတွင် ကျောင်းသားတစ်ယောက် သေဆုံးသွားကြောင်းကို ကျောင်းအုပ်ဆရာကြီးအား အသိပေး တိုင်ကြားသည်။

10. Afflicted with = Cause pain and trouble
ဒုက္ခရောက်စေသည်။ နှိပ်စက်သည်။
He had been **afflicted with** bronchial asthma since his childhood.
သူသည် ငယ်စဉ်ကပင် ရင်ကျပ်ပန်းနာရောဂါ နှိပ်စက်မှုကြောင့် ဒုက္ခရောက်ခဲ့ရသည်။

mgyoe.com

mgyoe.com



11. Apprehensive of= Feeling afraid
စိုးရိမ်ထိတ်လန့်သော။
Everyone is **apprehensive of** the loss of wealth.
လူတိုင်းလူတိုင်းသည် ဥစ္စာစနေကြွယ်ဝမှု ဆုံးရှုံးမည်ကို စိုးရိမ်ထိတ်လန့်ကြသည်။

12. Animated by= Lively
ဖျတ်လတ်တက်ကြွစေသည်။ လှုပ်ရှားစေသည်။
Every young man should be encouraged to be **animated by** ambition.
လူငယ်တိုင်းကို တိုးတက်ကြီးပွားလိုသည့်ဆန္ဒဖြင့် တက်ကြွနေစေရန် အားပေးရပါမည်။

13. Amazed at= Fill with great suprise and wonder
အလွန်အံ့အားသင့်စေသည်။
I was **amazed at** her knowledge of Franch literature.
သူမရဲ့ ပြင်သစ်စာပေ ဗဟုသုတရှိမှုကို ကျွန်တော် အလွန်အံ့သြမိတယ်။

14. Appropriate to = Suitable for
အထူးသင့်လျော်သော၊ အံဝင်ခွင်ကျဖြစ်သော။
The Monetary Scheme is important to be **appropriate to** the present occasion.
ငွေရေးကြေးရေးစီမံချက်သည် လက်ရှိအခြေအနေ၊ အချိန်အခါနှင့် အံဝင်ခွင်ကျဖြစ်ရန် အရေးကြီးသည်။

mgyoe.com

mgyoe.com


15. Apt to (or) Apt in = Quick at learning
တတ်လွယ်သော။
The high school students are **apt to** learning science.
အထက်တန်းကျောင်းသားများသည် သိပ္ပံကို သင်ကြားရာတွင် တတ်လွယ်သိလွယ်ကြသည်။

16. Alien to = Different in nature to
အမျိုးမတူသော၊ ကွဲလွဲသော။
Cruelty was quite **alien to** his nature
ရက်စက်ကြမ်းကြုတ်ခြင်းသည် သူ၏သဘာဝနှင့် လုံးဝကွဲလွဲပါသည်။

17. Abide by = Stand by
ကတိတည်သည်။ လိုက်နာသည်။
She is ready to **abide by** a resolution.
သူမသည် ဆုံးဖြတ်ချက်ချသည့်အတိုင်း လိုက်နာရန် အသင့်ဖြစ်သည်။

18. Abide with = Act up
ကတိအတိုင်း လုပ်ဆောင်သည်။
I have to **abide with** promise.
ကတိပေးထားသည်နှင့်အညီ ဆောင်ရွက်ရပါမည်။

mgyoe.com

mgyoe.com


19. Abound with = Possess in great numbers
ကြွယ်ဝသည်။ ပြည့်စုံသည်။
He is **abound with** blessings.
သူသည် ကောင်းချီးမင်္ဂလာများနှင့် ပြည့်ဝပေသည်။

20. Absorbed in = Occupied with
လုံးလုံးစိတ်ဝင်စားသည်။
I was **absorbed in** meditation.
ကျွန်ုပ်သည် တရားအားထုတ်မှုတွင် စိတ်ကိုလုံးလုံးလျားလျား မြှုပ်နှံထားသည်။

21. Abstain from = Refrain from
ရှောင်ရှားသည်။
She **abstained from** food for three days.
သူမသည် အစာမစားဘဲ သုံးရက်နေခဲ့သည်။

22. Accomodate with = Furnish with
ဖြည့်ဆည်းပေးသည်။
We **acccomodate him** with money.
ကျွန်ုပ်တို့သည် သူ့အား ငွေကြေးဖြည့်ဆည်းပေးသည်။

23. Accomodate to = Adapt to
လက်ခံကျင့်သုံးသည်။
**I accomodate myself** to circumstances.
ကျွန်ုပ်အခြေအနေနှင့်ကိုက်ညီအောင် လက်ခံကျင့်သုံးသည်။

mgyoe.com

mgyoe.com


24. Accompanied by = followed by
တွဲ၍၊ လိုက်ပါ၍။
She came here **accompanied by** a friend.
သူမနှင့် မိတ်ဆွေတစ်ယောက် တွဲ၍လာသည်။

25. Accompanied with = Come along with
အတူလာသည်။
I was **accompanied with** my son.
ကျွန်ုပ်သည် ကျွန်ုပ်သားနှင့်အတူ လာသည်။

26. Accord to = Grant to
ပေးသည်။ ခွင့်ပြုသည်။
I **accord to** a person with which he is in urgent need.
သူ အရေးတကြီး လိုအပ်နေသည့်အရာကို ကျွန်ုပ်ပေးလိုက်သည်။

27. Accord with = Agree with
သဘောတူသည်။
I **accord with** his proposal.
သူ၏ စီမံချက်အတိုင်း သဘောတူသည်။

28. Account for = Explain
ရှင်းပြသည်။ အကြောင်းပြသည်။ စာရင်းပြသည်။
She made a clear **account for** the decrease of income.
ဝင်ငွေလျော့သွားသည့်အကြောင်းကို သူမက ရှင်းလင်းတင်ပြသည်။

mgyoe.com

mgyoe.com


29. Accuse of= Charge with
စွပ်စွဲသည်။
He is **accused of** a crime.
ရာဇဝတ်မှုတစ်ခုဖြင့် သူ့အား စွပ်စွဲသည်။

30. Accustomed to= Used to
လုပ်နေကျ၊ အကျင့်ဖြစ်နေ။
He is **accustomed to** paying homage early in the morning.
သူသည် နံနက်စောစော ဘုရားရှိခိုးလေ့ရှိသည်။

31. Acuquainted with= Known to
သိသည်။
He is **acquainted with** a foreigner.
သူသည် နိုင်ငံခြားသားတစ်ယောက်နှင့် သိကျွမ်းသည်။

32. Acquit of = Discharge from
အပြစ်မှ ခွင့်လွှတ်သည်။ လွတ်ငြိမ်းသည်။
He is **acquited of** a guilt.
သူ့အား ပြစ်မှုတစ်ခုမှ လွတ်ငြိမ်းခွင့်ပြုသည်။

33. Adapt to= Make suitable to
ဆီလျော်အောင်လုပ်သည်။ လက်ခံကျင့်သုံးသည်။
I have **adapted to** this custom.
ကျွန်ုပ် ဤဓလေ့ထုံးစံကို လက်ခံကျင့်သုံးသည်။

mgyoe.com

mgyoe.com



34. Adapted for = Suited for
သင့်တော်သည်။
Indegenous medicines are **adapted for** asthma.
တိုင်းရင်းဆေးများသည် ပန်းနာရောဂါအတွက် သင့်တော်သည်။

35. Add to = Increase
တိုးပွားများပြားသည်။
The honesty and loyalty **add to** his fame.
ရိုးသားမှုနှင့် သစ္စာရှိမှုသည် သူ၏ ဂုဏ်သတင်းကျော်စောမှုကို တိုးပွားစေသည်။

36. Addicted to = Given to in the habit of devoting to
အကျင့်ဖြစ်သည်။ စွဲသွားသည်။
He is **addicted to** drinking.
သူသည် အရက်စွဲသွားသည်။

37. Adhere to = Stick to
ကပ်ငြိသည်။ စွဲမြဲသည်။
He **adheres to** his religion.
သူ၏ဘာသာ၌ စွဲမြဲစွာ ယုံကြည်သက်ဝင်သည်။

38. Admitted into = Allowed to
ဝင်ခွင့်ပြုသည်။
**Admitted into** the house.
အိမ်တွင်းဝင်ခွင့်ပြုသည်။

mgyoe.com

mgyoe.com


39. Admit to = Allow to come to
လုပ်ခွင့်ပြုသည်။
Please **admit me to** attend college.
ကျွန်ုပ်အား ကောလိပ်တက်ခွင့်ပြုပါ။

40. Agree to = Assent to
တစ်စုံတစ်ရာကို သဘောတူသည်။
**Agree to** a proposal.
စီမံချက်ကို သဘောတူသည်။

41. Agree with = Concur with
တစ်စုံတစ်ယောက်နှင့် သဘောတူသည်။
**Agree with** a person.
လူတစ်ယောက်နှင့် သဘောတူသည်။

42. Aim at = Point at
ချိန်သည်။ ရည်ရွယ်သည်။
The boy **aims a stone at** the dog.
ကလေးသည် ခွေးကို ကျောက်ခဲနှင့်ပစ်ရန် ချိန်ရွယ်သည်။

43. Alarmed at = Filled with apprehension of a danger
ထိတ်လန့်စေသည်။
He is **alarmed at** an outbreak of fire.
သူသည် ရုတ်တရက် မီးလောင်ခြင်းကို ထိတ်လန့်သည်။

mgyoe.com

mgyoe.com



44. Alight at = Dismount from
ဆင်းသည်။
He **Alighted** from the horse **at** a village.
ရွာတစ်ရွာအရောက်တွင် သူ မြင်းပေါ်မှဆင်းသည်။

45. Amount to = hold up to, Be equal to
ပမာဏသို့ ရောက်သည်။
Donations are **amounted to** ten thousands.
လှူဒါန်းငွေပမာဏ တစ်သောင်းရှိသည်။

46. Annex to = Attach to
ပူးတွဲသည်။ ပေါင်းစည်းသည်။ သိမ်းယူသည်။

(1) A schedule should be **annexed to** the contract.
ကန်ထရိုက်စာချုပ်တွင် ဇယားတစ်ခု ပူးတွဲရမည်။

(2) Myanmar was **annexed to** the British empire in 1885.
မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှ အင်ပါယာ အတွင်း သိမ်းသွင်းခြင်းခံရသည်။

47. Answer to = Refute
ပြန်လှန်ချေပပြောဆိုသည်။
He hesitated to **answer to** the accusation.
စွပ်စွဲချက်ကို ပြန်လည်ချေပရန် တုံ့ဆိုင်းနေသည်။

mgyoe.com

mgyoe.com


48. Answer for = Render an account of a thing
စကားတုံ့ပြန်သည်။ တာဝန်ခံပြောဆိုသည်။
I am ready to **answer for** my friend's honesty.
ကျွန်ုပ်သူငယ်ချင်း၏ ရိုးသားမှုအတွက် ထောက်ခံပြောကြားရန် အသင့်ဖြစ်သည်။

49. Appeal to = Refer to higher authority
အယူခံဝင်သည်။
(1) He submitted an **appeal to** higher court.
အထက်တရားရုံးတစ်ရုံးသို့ အယူခံလွှာတင်သည်။
(2) He made an **appeal against the decision to** higher authority.
တရားရုံးဆုံးဖြတ်ချက်တစ်ခုကို မကျေနပ်၍ အထက်ရုံးသို့ အယူခံဝင်သည်။

50. Arrive at = Reach
ရောက်သည်။
We **arrive at** a village.
ကျွန်ုပ်တို့ ရွာတစ်ရွာသို့ ရောက်သည်။

51. Arrive in = Reach
ရောက်သည်။
We **arrive** in a country.
ကျွန်ုပ်တို့နိုင်ငံတစ်ခုကို ရောက်သည်။

mgyoe.com

mgyoe.com



52. Ashamed of = Abashed by

အရှက်ရသည်။

He is **ashamed of** his daughter's conduct.

သူ့သမီး၏ အပြုအမူကြောင့် သူ့အား အရှက်ရစေသည်။

53. Attend at = Be present at

ရောက်ရှိသည်။ တက်ရောက်သည်။

**I attend at** a school debate.

ကျွန်ုပ် ကျောင်းစကားရည်လုပွဲကို တက်ရောက်သည်။

54. Attend on = Wait on

စောင့်သည်။

**I attend on** my friends.

ကျွန်ုပ်သည် ကျွန်ုပ်၏ သူငယ်ချင်းများကို စောင့်နေသည်။

55. Attend to = Pay attention to

အာရုံစိုက်သည်။

The students **attend to** a lecture.

ကျောင်းသားများ သင်ခန်းစာပို့ချချက်တစ်ခုကို အာရုံစိုက်နေသည်။

56. Attribute to = Ascribe to

အကြောင်းပြုသည်။ သက်ဆိုင်ကြောင်း မှတ်ယူသည်။

We have to **attribute the change to** the spirit of the age.

ပြောင်းလဲမှုမှာ ခေတ်ကာလ၏ ရေစီးကြောင်းအတိုင်းဖြစ်ကြောင်း ကျွန်ုပ်တို့မှတ်ယူရမည်။

mgyoe.com

mgyoe.com



57. Avail of = Be of halp or use
အကျိုးကျေးဇူးရှိသည်။
The rice trading **avails himself of** much profit.
ဆန်ရောင်းဝယ်ရေးသည် သူ့အတွက် များစွာအကျိုးအမြတ်ရရှိသည်။

58. Affectionate to = Loving
ချစ်ခင်နှစ်သက်သည်။
The old lady is **affectionate to** all.
အဘွားကြီးသည် အားလုံးကို သနားချစ်ခင်ပါသည်။

❐

mgyoe.com

mgyoe.com

## B

1. Back up = Support
ထောက်ခံသည်။
**I back up** his claims.
သူ၏ တောင်းဆိုချက်များကို ထောက်ခံသည်။

2. Bear with = Tolerate
သည်းခံသည်။
She can **bear with** her husband's impatience.
သူမယောကျ်ား၏ စိတ်တိုမှုကို သည်းခံနိုင်သည်။

3. Beat off = Repel
တွန်းလှန်သည်။
The government can **beat off** an attack of rebels.
သူပုန်သူကန်တို့၏ တိုက်ခိုက်မှုကို အစိုးရမှ တွန်းလှန်နိုင်သည်။

mgyoe.com

mgyoe.com


4. Beg for = Ask
တောင်းခံသည်။
The children **beg for** food from their mother.
ကလေးများသည် သူတို့မိခင်ထံမှ အစားအစာတောင်းခံသည်။

5. Bestow on = Confer upon
ပေးသနားသည်။ ချီးမြှင့်သည်။
The government **bestowed** a title of honour **on** the dutiful public servants.
အစိုးရသည် တာဝန်ကျေပွန်သော ဝန်ထမ်းများအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်သည်။

6. Beware of = Guard against
သတိရှိ–သတိထား။
You must **beware of** catching cold.
အအေးမိမှာကို သင်ဂရုစိုက်ပါ။

7. Block up = Obstruct
ပိတ်ဆို့တားဆီးသည်။
They **block up** the passage.
သူတို့ လမ်းပိတ်ဆို့ထားသည်။

8. Blot out = Obliterate
ဖျက်သည်။ ပယ်ဖျက်သည်။
**Blot out** the last word.
နောက်ဆုံးစကားလုံးကို ပယ်ဖျက်လိုက်ပါ။

mgyoe.com

mgyoe.com



9. Blow out = Extinguish
ငြိမ်းသတ်သည်။
**Blow out** the candle.
ဖယောင်းတိုင်မီးကို ငြိမ်းလိုက်ပါ။

10. Born of = Come of
မွေးဖွားလာသည်။ ဆင်းသက်လာသည်။
He was **born of** rich family.
သူသည် ချမ်းသာသော မိသားစုမှ မွေးဖွားလာသည်။

11. Born to = Inherited as brithright to
အမွေဆက်ခံပိုင်ခွင့်။ အမွေစားအမွေခံ။
He was **born to** his grandfather's wealth.
သူ့အဘိုး၏အမွေကို ဆက်ခံပိုင်ခွင့်ရှိသည်။

12. Break down = Crush
ဖျက်ဆီးသည်။ ပျက်စီးသည်။
Intensive swimming leads to his **break down** of strength.
အပြင်းအထန်ရေကူးခြင်းသည် သူ၏ခွန်အားကို ပျက်စီးစေသည်။

13. Break up = Plough
ထွန်ယက်သည်။
The villagers **break up** fallow lands for cultivation of rice.
ရွာသားများသည် စပါးစိုက်ပျိုးရန် မြေလွတ်မြေရိုင်းများကို ထွန်ယက်ကြသည်။

mgyoe.com

mgyoe.com


14. Break up = Dissolve, Disperse
ဖျက်ပြယ်သည်။ လွင့်ပါးသည်။ ဖျက်သိမ်းသည်။ အရည်ပျော်သည်။
They decided to **break up** the meeting.
အစည်းအဝေးကိုဖျက်သိမ်းရန် သူတို့ဆုံးဖြတ်ခဲ့ကြသည်။

15. Bring about = Cause to happen
ဖြစ်ပွားပေါ်ပေါက်စေသည်။
Frequent discussions **bring about** a reconciliation.
မကြာခဏ တွေ့ဆုံဆွေးနွေးခြင်းသည် ပြန်လည်သင့်မြတ်ရေးကို ဖြစ်ပေါ်စေသည်။

16. Bring forth = Produce
ထွက်သည်။ ဖြစ်ထွန်းသည်။

(1) People who are averse to hard work, will **bring forth** no success in life.
အလုပ်ကြိုးစားမှုကို မလိုလားသူသည် ဘဝတွင် အောင်မြင်မှုကို မရနိုင်ပါ။

(2) No fruit to labour will be **brought forth** for the one who is averse to hard work.
အလုပ်ကြိုးစားမှု မရှိသူအတွက် အကျိုးခံစား ဖြစ်ထွန်းမှု ရှိမည် မဟုတ်ပါ။

mgyoe.com

mgyoe.com



17. Bring in = Introduce

သတ်မှတ်ပြဋ္ဌာန်းသည်။

Do not try to **bring in** a new custom.

ဓလေ့ထုံးစံအသစ်တစ်ခု သတ်မှတ်ရန် မကြိုးစားပါနှင့်။

Bring out = Publish, Elicit

ပုံနှိပ်ထုတ်ဝေသည်။ ဖွင့်ပြောသည်။

(1) A new book was **brought out.**

စာအုပ်အသစ်တစ်အုပ် ပုံနှိပ်ထုတ်ဝေသည်။

(2) They bring out the fact of the matter.

အကြောင်းကိစ္စ၏ အဖြစ်မှန်ကို သူတို့ဖွင့်ပြောသည်။

18. Bring up = Educate or Rear

လူလားမြောက်လာအောင် ပြုစုမွေးမြူသည်။

An orphan was **brought up** by his relatives.

မိဘမဲ့ကလေးတစ်ယောက်အား သူ့ဆွေမျိုးများက လူလားမြောက်အောင် ပြုစုစောင့်ရှောက်ခဲ့ရသည်။

19. Bigoted in = Superstitious

အစွဲအလမ်းကြီးသည်။ အယူသီးသည်။

Some people are **bigoted in** religion.

အချို့သူများသည် ဘာသာရေးအယူသီးကြသည်။

mgyoe.com

mgyoe.com



20. Burst out = Issued froth suddenly
ရုတ်တရက် ထွက်လာသည်။ ပေါက်ကွဲသည်။
He **burst out** laughing.
ရုတ်တရက် ကျယ်လောင်စွာ ရယ်မောသည်။

21. Burst into = Give way to
လျှံထွက်လာသည်။ ကျိုးပေါက်သည်။
(1) She **burst into** tears.
သူမ မျက်ရည်မထိန်းနိုင်အောင် ငိုသည်။
(2) The plane has crashed to the earth and **burst into** flame.
လေယာဉ်သည် မြေပြင်သို့ ထိုးကျပျက်စီးပြီး မီးတောက်များ ပေါက်ကွဲထွက်လာသည်။

22. Bring forward = Advance
ပြောင်းယူလာသည်။ ထုတ်သည်။
(1) They **bring forward** the arguments.
သူတို့ ဆင်ခြေထုတ်သည်။ ဆင်ခြေပေးသည်။
(2) Total amount of expenditure mentioned in the first page was **brought forward** to the second page.
ပထမစာမျက်နှာမှ အသုံးစရိတ်စုစုပေါင်းကို ဒုတိယစာမျက်နှာသို့ ကူးပြောင်းဖော်ပြသည်။

mgyoe.com

mgyoe.com



23. Bring on = Cause
ဖြစ်ပေါ်စေသည်၊ ပြုလုပ်စေသည်၊ ပေါ်ပေါက်စေသည်။
We wish to **bring on** debate in the school.
ကျောင်းတွင် စကားရည်လုပွဲ တစ်ခု ပြုလုပ်ရန် ကျွန်ုပ်တို့ ဆန္ဒရှိသည်။

24. Beneficial to = Having good results
အကျိုးကျေးဇူးရှိသော။
All religious teachings are **beneficial to** mankind.
ဘာသာရေးဟောပြောချက်အားလုံးသည် လူသားများအတွက် အကျိုးဖြစ်ထွန်းစေသည်။

25. Blind of = Blind in = Unable to see
မျက်စိမမြင်။
He is **blind of** one eye.
သူသည် မျက်စိတစ်ဖက် ပျက်နေသည်။

26. Bargain with = Agreement about exchanging or buying and selling
ဈေးဆစ်သည်။ သဘောတူ ပြောဆိုစေ့စပ်သည်။
They drive a **bargain with** a hawker.
သူတို့သည် လမ်းဘေးဈေးသည် တစ်ဦးထံ ဈေးဆစ်သည်။

mgyoe.com

mgyoe.com



27. Beside the question= Nothing to do with the matter
ဘာမှမဆိုင်– မပတ်သက်။
All you say is **beside the question.**
သင်ပြောသမျှအားလုံး–အဓိပ္ပာယ်မဲ့၊ အချည်းနှီးပါ။

28. Belong to= Owned by
ပိုင်ဆိုင်သည်။
This house **belongs to** me.
ဒီအိမ်ကို ကျွန်တော် ပိုင်သည်။

29. By dint of= By reason of
အကြောင်းကြောင့်။
He succeeded **by dint of** sheer hard work.
အလုပ်ကြိုးစားမှု တစ်ခုတည်းကြောင့်သာ သူအောင်မြင်သည်။

30. Blessed with= Bringing happiness
ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်။ ကောင်းချီးမင်္ဂလာဖြစ်သည်။
The parents are **blessed with** a new born baby.
မိဘများသည် မွေးဖွားစ ကလေးငယ်လေးနှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

31. Burdened with= load= Anything difficult to bear
ဝန်ထုပ်ဝန်ပိုး။
He is **burdened with** a large family.
သူသည် ကြီးမားသော မိသားစု၏ တာဝန်ကို ထမ်းဆောင်နေရသည်။

mgyoe.com

mgyoe.com


32. Bare of= Uncovered
အဖုံးအအုပ်မရှိသော၊ ကင်းမဲ့သော။
The desert is **bare of** trees.
သဲကန္တာရသည် သစ်ပင်များ လုံးဝကင်းမဲ့သည်။

33. Beset with= Surrounded with
ဝိုင်းရံနေသည်။ ဝိုင်ရံထားသည်။
The Isreal was **beset with** Arab countries.
အစ္စရေးနိုင်ငံကို အာရပ်နိုင်ငံများ ဝိုင်းရံနေသည်။

34. Beguiled into= Deceit= Tricks
ပရိယာယ်ဖြင့် လှည့်စားသည်။
All elephants are **beguiled into** the trap.
ဆင်အားလုံးသည် ထောင်ချောက်တွင်းသို့ လှည့်စားသိမ်းသွင်းခြင်း ခံရသည်။

35. Betray sb to sb= unfaithful
သစ္စာမဲ့သည်။ တစ်ဦး၏အတွင်းရေးကို တစ်ဦးထံပေးပို့။
For years they had been betraying state secrets to Russia.
နှစ်ပေါင်းများစွာ သူတို့နိုင်ငံတော် လျှို့ဝှက်ချက်များကို ရုရှားသို့ ပေးပို့နေကြသည်။

mgyoe.com

mgyoe.com


36. Bound for = On the way of
သတ်မှတ်ထားသော၊ သွားရမည်ဖြစ်သော။
The ship **bound for** London is owned by Myanmar Five Star Line.
လန်ဒန်သွားမည့်သင်္ဘောသည် မြန်မာကြယ်ငါးပွင့်ပိုင် သင်္ဘောဖြစ်သည်။

37. Boastful of = With pride = In praise of
ကြွားဝါသည်။
She is **boastful of** her riches.
သူမ၏ချမ်းသာမှုကို ကြွားဝါသည်။

38. Bound by = Limit, permitted
ပိုင်းခြားသည်။ ကန့်သတ်သည်။
The debtor is **bound by** various ties.
ကြွေးယူသူသည် အနှောင်အဖွဲ့မျိုးစုံဖြင့် ကန့်သတ်ချုပ်ချယ်ခံရသည်။

39. Bred in = Give brith to
မွေးဖွားသည်။
This child was **bred in** poverty.
ဤကလေးသည် ဆင်းဆင်းရဲရဲ မွေးဖွားလာသည်။

mgyoe.com

mgyoe.com


40. Bereft of = Having lost, Robbed of
လက်လွတ်စေသည်။ ကင်းမဲ့စေသည်။
The Director was **bereft of** power because of his misconduct.
ညွှန်ကြားရေးမှူးသည် သူ၏မှားယွင်းသော လုပ်ရပ်များကြောင့် ရာထူးမှ နုတ်ပယ်ခြင်းခံရသည်။

❐

mgyoe.com

mgyoe.com

# C

1. Call forth = Evoke
ထွက်စေသည်။ ထုတ်သုံးသည်။ ထွက်လာအောင်ခေါ်သည်။
It is necessary to **call forth** all his energies for the completion of this work.
ဒီအလုပ်ပြီးမြောက်ဖို့အတွက် သူ၏ စွမ်းအင်အားလုံးထုတ်သုံးရန် လိုအပ်သည်။

2. Call in = Invite
ပင့်ဖိတ်သည်။ ခေါ်သည်။
Please **call in** a doctor.
ကျေးဇူးပြု၍ ဆရာဝန်တစ်ယောက်ခေါ်ပါ။

3. Call off= Divert
လွှဲဖယ်သည်။ စိတ်အာရုံပြောင်းစေသည်။
It is necessary to **call off** his attention from one object to another.
သူ၏စိတ်ကို နောက်အာရုံတစ်ခုသို့ ပြောင်းလွှဲပေးရန် လိုအပ်ပါသည်။

mgyoe.com

mgyoe.com


4. Call on = Visit
သွားရောက်လည်ပတ်သည်။
She **called on** her boyfriend at his house.
သူမ၏ယောကျ်ားလေးမိတ်ဆွေ၏အိမ်သို့ သွားရောက်လည်ပတ်သည်။

5. Call up = Recollect
အမှတ်ရသည်။ သတိရသည်။
The old man **calls up** his misdeeds.
အဘိုးကြီးသည် သူ၏မကောင်းမှုဒုစရိုက်များကို ပြန်လည်သတိရနေသည်။

6. Call over = Recite
ပြန်ပြောသည်။ ရွတ်ဆိုသည်။
The old lady can **call over** the names of all her relatives.
အဘွားကြီးသည် သူမ ဆွေမျိုးအားလုံး၏အမည်များကို ပြန်လည်ပြောနိုင်သည်။

7. Care of = Take charge of
ကြည့်ရှုစောင့်ရှောက်သည်။
Please take **care of** my children, when I am away from home.
ကျွန်တော် အိမ်မှာမရှိစဉ်အတွင်း ကျွန်တော့်ကလေးများကို ကျေးဇူးပြုပြီး ကြည့်ရှုစောင့်ရှောက်ပေးပါ။

mgyoe.com

mgyoe.com


8. Carry on = Continue (a business or something)
ကိစ္စ သို့မဟုတ် အလုပ်ကို ဆက်လုပ်သည်။
I request him to **carry on** his business.
သူ၏အလုပ်ကို ဆက်လက်လုပ်ဆောင်ရန် ကျွန်တော် တောင်းဆိုသည်။

9. Carry out = Execute orders
ပြီးမြောက်အောင် လိုက်နာဆောင်ရွက်သည်။
This work is to be **carried out** within one day.
ဒီအလုပ်ကို တစ်နေ့တာအတွင်း ပြီးစီးအောင် လုပ်ဆောင်ရန်ဖြစ်သည်။

10. Carry off = Died
ကွယ်လွန်သည်။ ပါသွားသည်။
Many people were **carried off** by cholera.
လူအများသည် ကာလဝမ်းရောဂါဖြင့် ကွယ်လွန်ကြသည်။

11. Carry forward = Brought forward
ကူးပြောင်းယူဆောင်သည်။
Your writing on first page may be **carried forward** to the second page.
ပထမစာမျက်နှာမှ စာများကို ဒုတိယစာမျက်နှာသို့ ကူးပြောင်းရေးသားပါ။

mgyoe.com

mgyoe.com



12. Cast down = Dejected
စိတ်ပျက်အားလျော့သည်။ စိတ်အားငယ်သည်။
He is **cast down** with grief.
သူသည် ပူဆွေးသောကများဖြင့် စိတ်အားငယ်နေသည်။

13. Cast off = Discard
သုံးပြီး၍ စွန့်ပစ်သည်။
The girls **cast off** the old-fashioned clothes.
မိန်းကလေးများသည် ပုံစံဟောင်းအဝတ်အစားများကို စွန့်ပစ်ကြသည်။

14. Cast out = Expelled
နှင်ထုတ်သည်။
The villagers **cast out** the mischief-maker.
ရွာသားများသည် အကျိုးမပြုသည့် အန္တရာယ်ကောင်ကို ထုတ်လိုက်သည်။

15. Cast down = Throw down
ပစ်ချသည်။
The sailors **cast down** the anchor in the sea.
သင်္ဘောသားများသည် ကျောက်ဆူးကို ပင်လယ်ထဲသို့ ချကြသည်။

mgyoe.com

mgyoe.com



16. Catch at = Endeavour to seize eagarly
အမိအရ ဆုပ်ကိုင်သည်။ ကြိုးစားရယူသည်။
They **catch at** the opportunity of being honoured as model worker.
စံပြလုပ်သားအဖြစ် ဂုဏ်ပြုခံရမည့် အခွင့်အရေးကို သူတို့ ကြိုးစားရယူသည်။

17. Catch up = Overtake
လိုက်၍မီသည်။
We **catch up** our companions in a walk.
လမ်းလျှောက်ရာတွင် အဖော်များကို ကျွန်တော်တို့ မီအောင် လျှောက်နိုင်သည်။

18. Confident of = certain, sure
သေချာသည်။
Are you **confident of** success?
သင်အောင်မြင်ဖို့ သေချာရဲ့လား။

19. Capable of = Having the power
စွမ်းဆောင်နိုင်သည်။
Hill peoples are **capable of** great endurance.
တောင်ပေါ်သားများသည် ကြီးမားသောခံနိုင်ရည်စွမ်းအား ရှိသည်။

mgyoe.com

mgyoe.com



20. Charge with = Accuse a person of
စွဲချက်တင်သည်။
He is **charged with** burglary.
သူသည် အိမ်ဖောက်ထွင်းမှုဖြင့် စွဲချက်တင်ခံရသည်။

21. Climb up = Ascend
တက်သည်။
They **climb up** Mount Popa.
သူတို့ ပုပ္ပါးတောင်ကို တက်သည်။

22. Come after = Succeed to
အမွေ၊ ရာထူး စသည်ဆက်ခံသည်။
(1) He will **come after** his father's wealth.
သူ့ အဖေ၏ စည်းစိမ်ဥစ္စာကို သူဆက်ခံလိမ့်မည်။
(2) Prince Charles will **succeed to** the throne after Queen Elizabeth.

23. Come at = Attain
ရရှိသည်။ ရောက်ရှိသည်။
They **come at** peace of mind in meditiation centre.
တရားစခန်းတွင် သူတို့ စိတ်ငြိမ်းချမ်းမှု ရရှိသည်။

mgyoe.com

mgyoe.com



24. Come back = Return
ပြန်လာသည်။
He **came back** from Japan.
သူ ဂျပန်မှ ပြန်လာသည်။

25. Come near = Approach
နီးကပ်သည်။
Do not **come near** a man-of-war.
စစ်သင်္ဘောအနီးသို့ မသွားပါနှင့်။

26. Come of = Be born of
မွေးဖွားလာသည်။ ဆင်းသက်လာသည်။
He **come of** a rich family.
ချမ်းသာသော မိသားစုမှ မွေးဖွားလာသည်။

27. Come upon = Encounter
တွေ့ဆုံသည်။ ကြုံကြိုက်သည်။
I **came upon** a pious fraud.
သူတော်ကောင်းယောင်ဆောင်သူနှင့် တွေ့ကြုံခဲ့သည်။

28. Come up with = Overtake
လိုက်၍မီသည်။
The late runner **come up with** all his mates.
နောက်မှပြေးရသူသည် သူ၏အဖော်အားလုံးကို အမီလိုက်နိုင်သည်။

mgyoe.com

mgyoe.com



29. Compensate for = Make up for
အစားပေးသည်။ လျော်ပေးသည်။
You should **compensate for** his loss.
သူ၏ဆုံးရှုံးမှုအတွက် အစားပေးသင့်သည်။

30. Comply with = Submit to
လိုက်နာသည်။ လိုက်လျောသည်။
I **comply with** his request.
သူ၏ တောင်းဆိုချက်ကို ကျွန်တော် လိုက်လျောသည်။

31. Concur with = Agree with
သဘောတူသည်။
I **concur with** his opinion.
သူ၏ အယူအဆအတိုင်း ကျွန်ုပ်သဘောတူသည်။

32. Confer with = Consult with
တိုင်ပင်သည်။
I **confer with** him about a criminal case.
ရာဇဝတ်မှုတစ်ခုနှင့် ပတ်သက်၍ သူနှင့်တိုင်ပင်သည်။

33. Cram down = Devour food
အလုအယက်စားသည်။ အတင်းမျိုသိပ်သည်။
The animals **cram down** food.
တိရစ္ဆာန်များသည် အစားအသောက်ကို အလုအယက် စားသောက်
သည်။

mgyoe.com

mgyoe.com



34. Confer upon = Bestow or grant favour
ပေးကမ်းသည်။ ချီးမြှင့်သည်။
The authorities **confer upon** her a title of Thudhama Theingi.
အာဏာပိုင်တို့သည် သူမအား သုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်သည်။

35. Cry down = Depreciate
တန်ဖိုးလျှော့စေသည်။
They **cry down** the value of goods.
ကုန်ပစ္စည်းများတန်ဖိုးကို သူတို့ လျှော့ချလိုက်သည်။

36. Cry for = Long for
တမ်းတသည်။ တောင်းဆိုသည်။ သွေးတောင်းသည်။
They **cry for** remedy.
သက်သာရာသက်သာကြောင်း တောင်းဆိုကြသည်။
They **cry for** boon.
ဆုလာဘ်ရရှိဖို့ တမ်းတသည်။

37. Cry out = Exclaim
ကြွေးကြော်သည်။ တောင်းဆိုသည်။
The people **cry out** for uplift of educational standards.
ပညာရေးအဆင့် မြှင့်တင်ရန် ပြည်သူတို့ တောင်းဆိုကြသည်။

mgyoe.com

mgyoe.com


38. Cry out against = Complain of
ညည်းညူသည်။ တိုင်တန်းသည်။ ဆန့်ကျင်သည်။
They **cry out against** the drug abuse law.
မူးယစ်ဆေးဝါးဥပဒေကို သူတို့ ဆန့်ကျင်သည်။

39. Cry to = Beseech
အပူတပြင်း တောင်းပန်သည်။ မရမနေ တောင်းဆိုသည်။
The children **cry to** their mother for food.
ကလေးများသည် သူတို့မိခင်ထံမှ အစားအစာကို အပူတပြင်း တောင်းဆိုကြသည်။

40. Cry up = Extol
ချီးမွမ်းသည်။ မြှောက်ပင့်သည်။
They use to **cry up** everybody.
သူတို့ လူတိုင်းကို မြှောက်ပင့်ပြောဆိုလေ့ရှိသည်။

41. Cure of = Free a person from
လွတ်အောင် လုပ်ပေးသည်။ ကုသပေးသည်။
The doctor cure me of malaria.
ဆရာဝန်က ကျွန်တော့်အား ငှက်ဖျားရောဂါ ကုသပေးသည်။

mgyoe.com

mgyoe.com



42. Cut down = Reduce-Curtail
လျှော့ပါးစေသည်။ ဖြတ်တောက်သည်။ ခုတ်လှဲသည်။
The expenditures are **cut down** because of the financial crisis.
ဘဏ္ဍာရေးအခက်အခဲကြောင့် အသုံးစရိတ်များ ဖြတ်တောက်သည်။

43. Cut off = interrupt, stop supplying, block
ကြားဖြတ်၊ ဟန့်တား၊ အကူအညီရပ်ဆိုင်း၊ ပိတ်ဆို့။
The robbers were **cut off** by the villagers.
ဓားပြများအား ရွာသားများက ပိတ်ဆို့ထားသည်။

44. Cut out = Surpass
သာလွန်သည်။ ဖြတ်ပစ်သည်။

(1) We made to **cut him out** with his lover.
သူ ချစ်သူနှင့် အဆက်ပြတ်အောင် ကျွန်ုပ်တို့ လုပ်လိုက်သည်။

(2) He tried hard to **cut out** his rival.
သူ့ပြိုင်ဘက်ထက် သာလွန်အောင် အပြင်းအထန် ကြိုးစားသည်။

45. Compose of = Be made up of = Put together
ပေါင်းစပ်သည်။ သီကုံးသည်။
The medicine is **composed of** several ingredients.
ဤဆေးသည် ဆေးဖက်ဝင်ပစ္စည်းအမျိုးအစားများစွာ ပါဝင်ဖော်စပ်ထားသည်။

❒

mgyoe.com

mgyoe.com

# D

1. Dash off= Write off quickly= Rush with violence
လျင်မြန်စွာရေးသည်။ တစ်ဟုန်ထိုး တိုးသွားသည်။
**I dash off** a letter within a minute.
စာတစ်စောင်ကို တစ်မိနစ်အတွင်း အမြန်ရေးသည်။

2. Deal in= Trade in
ရောင်းဝယ်ဖောက်ကားသည်။
He **deals in** garment.
သူသည် အဝတ်အထည်များ အရောင်းအဝယ်လုပ်သည်။

3. Deal out= Distribute
ဝေခြမ်းသည်။
They **deal out** food among the fire victims.
သူတို့သည် မီးဘေးဒုက္ခသည်များအား အစားအသောက် ဝေပေးသည်။

mgyoe.com

mgyoe.com


4. Deal with = Have to do with
ဆက်ဆံသည်။ သက်ဆိုင်သည်။
He has to **deal with** foreigners.
သူသည် နိုင်ငံခြားသားများနှင့် ဆက်ဆံရသည်။
This book **deals with** Science.
ဤစာအုပ်သည် သိပ္ပံပညာနှင့် သက်ဆိုင်သည်။

5. Delight in = Feel pleasure in
နှစ်သက်ပျော်ရွှင်သည်။
The students are **delighted in** studying Physics.
ကျောင်းသားများသည် ရူပဗေဒ သင်ကြားခြင်းကို နှစ်သက် ပျော်ရွှင်သည်။

6. Deprive of = Take away from, Divest of
နုတ်ယူသည်။ လက်လွတ်စေသည်။ ကင်းမဲ့စေသည်။
   (1) The trees **deprive** my house **of** light and air.
   သစ်ပင်များသည် ကျွန်ုပ်တို့၏အိမ်သို့ အလင်းရောင်နှင့် လေကို ကင်းမဲ့စေသည်။
   (2) The lazy student is **deprived of** gaining distinctions.
   ပျင်းရိသော ကျောင်းသားသည် ဂုဏ်ထူးရရှိနိုင်သော အခွင့်အရေးများ လက်လွတ်စေသည်။

mgyoe.com

mgyoe.com


7. Desist from = Cease; come to a stop
ရပ်တန့်သည်။ ချုပ်တည်းသည်။ မလုပ်ဘဲနေသည်။
(1) They **desist from** an atttempt.
သူတို့ ကြိုးစားမှု ရပ်တန့်သည်။
(2) They **desist from** paying homage.
သူတို့ ဘုရားရှိခိုးခြင်း ရပ်တန့်သည်။

8. Deviate from = Go astray from
လမ်းလွဲသည်။ လမ်းမှားသည်။
Most people **deviate from** truth.
လူအများစုသည် အမှန်တရားနှင့် လမ်းလွဲနေကြသည်။

9. Die of = Lost life from
အသက်ဆုံးရှုံးသည်။
He **died of** fever.
သူသည် ဖျားနာသေဆုံးသွားသည်။

10. Dig out = Excavate
တူးသည်။ တူးဖော်သည်။ ဖောက်လုပ်သည်။
The workers of Myanma Railways **dig out** a tunnel.
မြန်မာ့မီးရထား ဝန်ထမ်းအလုပ်သမားများသည် ဥမင်လိုဏ်ခေါင်း တစ်ခု တူးဖော်ဖောက်လုပ်သည်။

mgyoe.com

mgyoe.com


11. Dispose of= Sell, Get rid of
ရောင်းချသည်။ ထုခွဲသည်။
The properties are to be **disposed of** as soon as possible.
ကုန်ပစ္စည်းများကို အမြတ်ဆုံး ထုခွဲရောင်းချရပါမည်။

12. Divest of= Deprive of, Take away from
နုတ်သိမ်းသည်။ ရုပ်သိမ်းသည်။
He is **divested of** authority.
သူ၏ အာဏာပိုင်ဆိုင်မှုများကို ရုပ်သိမ်းလိုက်သည်။

13. Do away with= Abolish
ပယ်ဖျက်သည်။
(1) It is impossible to **do away with** the code of conduct.
အကျင့်စာရိတ္တ စည်းမျဉ်းများကို ပယ်ဖျက်ပစ်ရန် မဖြစ်နိုင်ပါ။
(2) Outdated office regulations should be **done away** with.
ခေတ်မမီတော့သော ရုံးစည်းကမ်းစည်းမျဉ်းများကို ပယ်ဖျက်ရပါမည်။

mgyoe.com

mgyoe.com


14. Done up = Fatigued

ပင်ပန်းသည်။ အားအင်ကုန်ခန်းသည်။

He is **done up** with toil.

သူသည် ပင်ပန်းစွာ အလုပ်လုပ်ရခြင်းကြောင့် အားအင်ကုန်ခန်းသည်။

15. Draw forth = Elicit

ထင်လင်းစေသည်။ ထုတ်ဖော်သည်။ ဖွင့်ပြောသည်။

(1) The information was **drawn forth.**

သတင်းကို ထုတ်ဖော်ပြောလိုက်သည်။

(2) Do not forget to **drawn forth** applause.

ကောင်းချီးမင်္ဂလာ ဟစ်ကြွေးရန် မမေ့ပါနှင့်။

16. Draw off = Abstract

ခွဲခြားနုတ်ယူ၊ လွှဲယူသည်။

His attention was **drawn off** to another object.

သူ၏စိတ်ကို တခြားအာရုံတစ်ခုသို့ လွှဲလိုက်သည်။

17. Draw on = Approach

ချဉ်းကပ်လာသည်။

Do not **draw on** a man of stern face.

မျက်နှာထားတင်းမာသူ အနီးသို့ ချဉ်းကပ်ခြင်း မပြုပါနှင့်။

mgyoe.com